အေးမြင့်သာယာကျေးရွာ

ပုဗ္ဗသီရိမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၂ - ၂၀၂၃ခုနှစ်)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အေးမြင့်သာယာကျေးရွာ၊ပုဗ္ဗသီရိမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပုဗ္ဗသီရိမြို့နယ်မှကူညီရေးဆွဲသည်)

၂၀၂၃ခုနှစ်၊ မတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	အေးမြင့်သာယာကျေးရွာကျေးရွာသယံဇာတပြမြေပုံ၊ပုဗ္ဗသီရိမြို့နယ်	၃-၄
၁။	**တည်နေရာနှင့်ပထဝီဝင်အနေအထား**	၆
၂။	**ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၆
	(က) သီးနှံစိုက်ပျိုးရေး	၆
	(ခ) မွေးမြူရေးလုပ်ငန်း	၇
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၇
	(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၈
၅။	**အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**	၈
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၈
	(ခ) ကျေးရွာမီးလင်းရေး	၈
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၈
၆။	**ပညာရေး**	၉
၇။	**ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**	၉
၈။	**ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၉
၉။	**ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ**	၁၀
၁၀။	**ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ**	၁၁
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၃
	နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြု ဓယားများ	၁၄-၆၃
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဓယား	၆၄-၆၈

	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁)	**၆၉-၇၁**

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၂-၂၀၂၃ခုနှစ်၊ဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ် ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသောလူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက် များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ ကြသော်လည်း လူထုအများစုနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်း လုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက် တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ် သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာ များမှရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင် ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို

မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအား ထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
အေးမြင့်သာယာကျေးရွာ
ပုဗ္ဗသီရိမြို့နယ်

၂၀၂၃ခုနှစ် မတ်လ ရက်

အေးမြင့်သာယာကျေးရွာသယံဇာတပြမြေပုံ၊ ပုဗ္ဗသီရိမြို့နယ်



၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

အေးမြင့်သာယာကျေးရွာသည် ဇေယျာသီခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၏ **အေးမြင့်သာယာကျေးရွာ**အုပ်စုတွင် တည်ရှိပြီး **Longitude 96.22၊ Lattitude 19.78**တွင်တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ဆင်သေချောင်း၊အနောက်ဘက်တွင် နေရောင်ပြ အင်းဘုရား၊ မြောက်ဘက်တွင်ပင်လောင်းလမ်းဆုံ၊ကြံဖိုစုကျေးရွာနှင့် တောင်ဘက်တွင် **တောက်ထိန်ကျေးရွာ၊ပေါက်တောကျေးရွာ၊ ယာခင်းများနှင့်** ဆက်လျက်တည်ရှိနေပါသည်။ ကျေးရွာတွင်ဗမာလူမျိုးများအများစု နေထိုင်ကြပြီး အခြားလူမျိုး အနည်းစုနေထိုင်ကြပါသည်။ အေးမြင့်သာယာကျေးရွာသည် မြေပြန့်လွင်ပြင်ဒေသဖြစ်ပါသည်။

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ကျေးရွာ၏ရွာသီဥတုမှာပူပြင်းခြောက်သွေ့သောရာသီဥတုရှိပြီးအမြင့်ဆုံးအပူချိန် (၄၃˚C) နှင့် အနိမ့်ဆုံးအပူချိန် (၂၃˚C)ဖြစ်ပါသည်။ မိုးအသင့်အတင့် ရွာသွန်းမှုများရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာလယ်မြေ(၄၆၃.၅) ဧက ယာမြေ(၄၆၆.၅)ဧကရှိပါသည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက်ဟင်းသီးဟင်းရွက်ပင်များကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပါသည်။ မြေအမျိုးအစားမှာသဲနုန်းမြေဖြစ်ပြီး မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစိမ်ခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများတွင် ဘာသာရေးအဖွဲ့(ကျား-၁၅ဦး)၊ (မ - ၅ဦး) သည် ကျေးရွာ၏ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေး နာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းရုံးလုပ်ဆောင်နေကြပါသည်။ ကျောင်းကော်မတီအဖွဲ့(ကျား-၂ဦး)သည် ကျေးရွာ၏ ပညာရေးလုပ်ငန်းများ၊ လူငယ်ပရဟိတအဖွဲ့သည် (ကျား-၁၃ ဦး၊ မ-၈ဦး)သည် သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဘာသာရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အားတက်သရောစုပေါင်းလုပ်ဆောင်နေကြပါသည်။ သို့သော်လည်း အေးမြင့်သာယာကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများမရှိပါ။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ဧအေးမြင့်သာယာကျေးရွာတွင် ၂.၅ကေအောက်ဆင်းရဲသားတောင်သူ **(၇၀)**အိမ်ထောင်စု၊ ၂.၅ကေမှ၅ကေကြား တောင်သူငယ် **(၁၈၄)** အိမ်ထောင်စု၊၅ကေမှ ၁၂.၅ကေကြား တောင်သူလတ် **(၉၉)** အိမ်ထောင်စု၊ **၁၂.၅ကေအထက်တောင်သူ(၇)ဦး** စသည်တို့ရှိကြပြီး အဓိကအားဖြင့် မတ်ပဲ**စိုက်ပျိုးလျှက်ရှိပြီး ရာသီအလိုက်** ပဲတီစိမ်း၊နှမ်း၊ငှက်ပျော **သီးနှံများနှင့်လယ်မြေများတွင်စပါးစိုက်ပျိုးလျှက်ရှိပါသည်။ ထို့အပြင်** ဥယျာဉ်ခြံသီးနှံများကို စိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်**စု**သည် စုစုပေါင်းအိမ်ထောင်စုထက် ထက်ဝက်ခန့်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင်သွားရောက်လုပ်ကိုင်နေကြပါသည်။

ကျေးရွာ၏စိုက်ပျိုးရေးမှာ မိုးရေကိုသာအဓိကထားစိုက်ပျိုးလုပ်ကိုင်ကြပါသည်။ **အထွက်**နှုန်းမှာရာသီဥတုအပေါ်အခြေခံ၍ပြောင်းလဲလျှက်ရှိပါသည်။စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့်ထွက်ရှိလာသောသီးနှံများအားရောင်းချရာတွင်မျိုးကောင်းမျိုးသန့်များဝယ်ယူရရှိနိုင်သော်လည်းအရင်းအနှီးမလုံလောက်ခြင်း၊နည်းပညာသိရှိမှုအားနည်းခြင်း၊ဈေးကွက်မတည်ငြိမ်မှုကြောင့်အကျိုးအမြတ်ရရှိမှုတွင်အသင့်အတင့်သာရှိပါသည်။စိုက်ပျိုးရေးလုပ်ငန်းတွင်လုပ်သားအင်အားရှားပါးလာခြင်း၊လယ်ယာသုံးစက်ကိရိယာမလုံလောက်ခြင်း၊စိုက်ပျိုးစရိတ်မလုံလောက်ခြင်းစသည့်အခက်အခဲများကိုလည်းကြုံတွေ့လျက်ရှိပါသည်။ထို့ကြောင့်စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေသူများအတွက်စိုက်ပျိုးရေးဆိုင်ရာနည်းပညာများတိုးတက်စေရန်သင်တန်း/ဟောပြောပွဲများပြုလုပ်ပေးခြင်း၊စိုက်ပျိုးရေးအတွက်အတိုးနည်းချေးငွေများရရှိအောင်ဆောင်ရွက်ခြင်း၊လယ်ယာသုံးစက်ကိရိယာများသင့်တင့်သောဈေးနှုန်းဖြင့်ငှားရမ်း/ဝယ်ယူအသုံးပြုနိုင်ရေးချိတ်ဆက်ဆောင်ရွက်ပေးခြင်းများဆောင်ရွက်ပေးခြင်းဖြင့်ပိုမိုအဆင်ပြေလာနိုင်မည်ဖြစ်ပါသည်။

ကျေးရွာ အတွင်းရှိ လယ်သမားများတွင်တစ်ဦးချင်းပိုင် **ခြေနင်းရေတင်စက်(၁)စီး၊** ရေစုပ်စက် **(၁၆) စီး၊ ထွန်**စက်(၅)လုံး၊ **လက်တွန်းထွန်စက်(၂)စီး၊ ရိတ်သိမ်း ခြွေလှေ့စက်(၁)စီး၊ ခြွေေလှ့စက်(၄)စီး** ရှိပြီးကျန်တောင်သူများသည် ငှားရမ်း အသုံးပြု ကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ၊ သီးနှံမျိုးစေ့များကိုလည်း

လွယ်ကူစွာဝယ်ယူရရှိနိုင်ပါသည်။သီးနှံစျေးကွက်နှင့်ဝန်ဆောင်မှုတွင်ကုန်သည်ပွဲစားများမှတစ်ဆင့်ရောင်းချ**ခြင်း** ၊ဖယျဉ်းမနား**စျေးနှင့် ကျည်တောင်ကန်စျေးသို့ ကုန်စည်ဒိုင်များတွင် ကိုယ်တိုင်သွား ရောက် သွင်းခြင်းဖြင့်စျေးကွက်အနေဖြင့် အဆင်ပြေလျှက်ရှိ**ကြပါသည်။ မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျက်ပိုးနှင့်ခရုများအနည်းငယ်ကျရောက်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင်မွေးမြူရေးလုပ်ကိုင်သူများမှာ စိုက်ပျိုးရေးနှင့်တွဲဖက်၍ လုပ်ကိုင်ကြပြီး အိမ်ထောင်စုအများစုမှာနွားမွေးမြူပြီး ကြက်နှင့်ဝက်မွေးမြူသောအိမ်ထောင်စုများလည်း ရှိပါသည်။ နို့စားနွား၊ကျွဲ နှင့် မြင်းမွေးမြူသူအနည်းငယ်ရှိပါသည်။ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများရှိသော်လည်း ကျေးရွာသူ/သားများ၏အသိပညာနည်းပါးခြင်း၊ ငွေကုန်ကြေးကျမခံလိုခြင်းများကြောင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး မွေးမြူရေးဆိုင်ရာအသိပညာအားနည်းခြင်း၊ ကြိုတင်ကာကွယ်ဆေးထိုးရန် ငွေကုန်မခံလိုခြင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်မှုအားနည်းခြင်း၊ မိရိုးဖလာမွေးမြူရေးနည်းများကိုသာအသုံးပြုသည့်အတွက် အကျိုးအမြတ်အနည်းငယ်သာရရှိပါသည်။ ထို့ကြောင့်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်များမွေးမြူနိုင်ရေးဆောင်ရွက်ပေးခြင်း၊ မွေးမြူရေးဆိုင်ရာအသိပညာများ တိုးတက်အောင်ဆောင်ရွက်ပေးခြင်း၊ ကြိုတင်ကာကွယ်ဆေးထိုးခြင်းများဆောင်ရွက်နိုင်ရန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ပုဂ္ဂလိကစီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဆိုပါက မွေးမြူရေးလုပ်ငန်းလုပ်ကိုင်လိုသူ ကျေးရွာသူကျေးရွာသားများအနေဖြင့် တစ်နိုင်တစ်ပိုင်မှစီးပွားဖြစ် တိုးချဲ့မွေးမြူနိုင်မည်ဖြစ်ပါသည်။

(ဂ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင်အိမ်ထောင်စုပေါင်း(၃၆၀)ရှိသည့်အနက် မြေယာမဲ့(၂၆၈)အိမ်ထောင်စု ရှိသည်ကိုတွေ့ရှိရပါသည်။ ကျေးရွာတွင်အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိပါ။ ဝင်ငွေ ရလုပ်ငန်းများအနေဖြင့် အရောင်းအဝယ်(စျေးရောင်း)လုပ်ကိုင်သူ (၁၅)အိမ်ထောင်စု၊ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူများတွင်အစိုးရဝန်ထမ်းအိမ်ထောင်စု (၄)စု၊ကားမောင်းသူ (၆) အိမ်ထောင်စု၊လက်သမား၊စက်ချုပ်၊ဝပ်ရှော့၊ကယ်ရီ၊ ပန်းရံ၊ ပန်းပု၊ ဝရိန်နှင့်

သံပန်းလုပ်ငန်းလုပ်ကိုင်သူစုစုပေါင်းအိမ်ထောင်စု (၁၅)စုရှိသည်ကိုတွေ့ရှိရပါသည်။ ကျန်အိမ်ထောင်စုများသည်ကျပန်း/နေ့စားလုပ်ငန်းများလုပ်ကိုင်လျှက်ရှိပါသည်။ကျပန်း/နေ့စားလုပ်ကိုင်သူများပြားသည့်အပြင်ငင်းတို့အနေဖြင့်အလုပ်ရုံ၊စက်ရုံများမရှိခြင်း၊စိုက်ပျိုးရာသီတွင်အလုပ်အကိုင်ရှိပြီးကျန်အချိန်များတွင်အလုပ်အကိုင်ရှားပါးပြီးဝင်ငွေမမှန်ခြင်းများကြောင့်မိသားစုစားဝတ်နေရေးအခက်အခဲများဖြစ်ပေါ်လျှက်ရှိပါသည်။ကျပန်း/နေ့စားလုပ်ကိုင်သူများအနေဖြင့်အသက်မွေးဝမ်းကျောင်းပညာရပ်များတတ်မြောက်မှုနည်းပါးခြင်း၊သင်တန်းတက်ရောက်ရန်စိတ်ပါဝင်စားသော်လည်းငွေကြေးမတတ်နိုင်ခြင်း၊တစ်ပိုင်တစ်နိုင်လုပ်ငန်းများလုပ်ကိုင်ရန်အတွက်အရင်းအနှီးမရှိခြင်းများဖြစ်ပေါ်လျှက်ရှိပါသည်။ထို့ကြောင့်တစ်ပိုင်တစ်နိုင်လုပ်ငန်းများလုပ်ကိုင်လိုသူများအတွက်အတိုးနည်းချေးငွေရရှိရေးဆောင်ရွက်ပေးခြင်း၊အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများဖွင့်လှစ်နိုင်ရေးချိတ်ဆက်ဆောင်ရွက်ခြင်းများပြုလုပ်မည်ဆိုပါကစီးပွားရေးအခြေအနေပိုမိုတိုးတက်လာနိုင်မည်ဖြစ်ပါသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာလုပ်ငန်းများ

ကျေးရွာတွင်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှစိုက်ပျိုးရေးချေးငွေရရှိသော်လည်းပုံစံ (၇) ရှိသူများကိုသာထုတ်ချေးပေးခြင်းဖြစ်ပါသည်။ကျေးရွာသူ/သားများအနေဖြင့်ဘဏ်ဝန်ဆောင်မှုများနှင့်အလှမ်းဝေးခြင်း၊အခြားပုဂ္ဂလိကချေးငွေထုတ်ချေးသူများရှိသော်လည်းအတိုးနှုန်းများခြင်း၊အပတ်စဉ်အရစ်ကျပြန်လည်ပေးဆပ်ရခြင်း၊သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်ကိုက်ညီသူများကိုသာထုတ်ချေးပေးခြင်း၊လုပ်ငန်းရင်းနှီးလုပ်ကိုင်ရန်အတွက်ချေးငွေရရှိမှုနည်းပါးခြင်း/မလုံလောက်ခြင်းများတွေ့ရှိရပါသည်။ထိုကြောင့်ကျေးရွာသူ/သားများအနေဖြင့်လုပ်ငန်းရင်းနှီးငွေလုံလောက်စွာရရှိရေး၊အတိုးနည်းချေးငွေရရှိရေးများအတွက်ဘဏ်/ငွေကြေးဝန်ဆောင်မှုအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်သွားရန်လိုအပ်ပါသည်။

၅။အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေးနှင့်ဝန်ဆောင်မှုအခြေခံအဆောက်အဦ

မိမိတို့ကျေးရွာသည်ကုန်စည်များရောင်းဝယ်ဖောက်ကားနိုင်ရေးအတွက်ပြည်စံအောင်ဈေးသည်အနီးဆုံးတွင်တည်ရှိနေပြီးလက်ကားရောင်းဝယ်ခြင်း၊အဝယ်ဒိုင်များသို့ရောင်းချခြင်းများအတွက်ပျဉ်းမနားဈေးသို့ထုတ်ကုန်များအားရောင်းချလျှက်ရှိပါသည်။ကုန်စည်များသယ်ယူရာတွင်နွားလှည်း၊ဆိုင်ကယ်၊ထော်လာကျီ၊သုံးဘီးဆိုင်ကယ်နှင့်ကားများကိုအသုံးပြုလျှက်ရှိပါသည်။မိမိတို့ကျေးရွာသည်ရန်ကုန်-
မန္တလေး(လမ်းဟောင်း)ကားလမ်းမကြီးအနီးတွင်တည်ရှိသည့်အတွက်ထုတ်ကုန်များရောင်းချခြ

င်း၊အသုံးအဆောင်ပစ္စည်းများဝယ်ယူခြင်းများတွင်သွားလာရအဆင်ပြေချောမွေ့ပါသည်။သို့သော်ရွာတွင်းလမ်းများသည်မြေသားလမ်းဖြစ်ပြီးပွင့်လင်းရာသီတွင်သာအသုံးပြု၍အဆင်ပြေပါသည်။ မိုးရာသီတွင်မိုးရေတင်ခြင်း၊ဆင်သေချောင်းမှရေလျှံခြင်းများကြောင့်ဗွက်များထခြင်း၊လမ်းချော်ခြင်းများဖြစ်ပေါ်သဖြင့်ကျေးရွာသူ/သားများ၊ကျောင်းသား/သူများနှင့်အနီးရှိအခြားကျေးရွာများမှလမ်းအသုံးပြုသူကျေးရွာသူ/သားများအနေဖြင့်သွားလာရခက်ခဲလျှက်ရှိပါသည်။ထို့ကြောင့်ရွာတွင်းလမ်းများပြုပြင်ပြီးဖြစ်ပါကယခုထက်သွားလာရပိုမိုလွယ်ကူခြင်း၊ကုန်စည်များပို့ဆောင်ရာတွင်ပိုမိုအဆင်ပြေလာမည်ဖြစ်ပါသည်။

(ခ) လျှပ်စစ်စွမ်းအင်ဆိုင်ရာအခြေခံအဆောက်အဦးများ

အေးမြင့်သာယာကျေးရွာတွင်မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသုံးစွဲသူအိမ်ထောင်စု (၃၁၅)စုရှိပြီးဆိုလာစနစ်သုံးစွဲသူအိမ်ထောင်စု (၂)စု၊ဒီဇယ်အင်ဂျင်သုံးစွဲသူ (၁)ဦးရှိပါသည်။ကျန်ရှိ(၁၀)အိမ်သည်ဖယောင်းတိုင်၊ဘတ္ထရီမီးများကိုသာအသုံးပြုကြပါသည်။

(ဂ) ဆက်သွယ်ရေး၊သတင်းနှင့်နည်းပညာဆိုင်ရာအခြေခံအဆောက်အဦ

ကျေးရွာတွင်ဆက်သွယ်ရေးအနေဖြင့်ဖုန်းအသုံးပြုနိုင်သူ(၂၂.၂၆%)ရှိပါသည်။ သတင်းအချက်အလက်နည်းပညာများအနေဖြင့်ကျေးရွာစာကြည့်တိုက်ရှိခြင်း၊ဖုန်းအသုံးပြုသူများအနေဖြင့် internet၊ facebookများအသုံးပြုခြင်း၊ တီဗွီနှင့်ရေဒီယိုများအသုံးပြုခြင်းဖြင့် ဗဟုသုတနှင့်နည်းပညာအချက်အလက်များကိုရရှိကြောင်း တွေ့ရှိရပါသည်။ သို့သော်ကျေးရွာစာကြည့်တိုက်အဆောက်အဦသည်ပျက်စီးနေခြင်း စာအုပ်အမျိုးအစားစုံစုံလင်လင်မရှိခြင်းများအတွက်ကျေးရွာစာကြည့်တိုက်ပြန်လည်ပြုပြင်ခြင်းနှင့်ကျေးရွာအတွင်းရှိစာဖတ်ဝါသနာပါသူများစုပေါင်း၍အသင်းအဖွဲ့တစ်ခုဖွဲ့စည်းပြီးစာအုပ်များစုဆောင်းခြင်း၊စာအုပ်များအလှူခံခြင်းများအပြင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်ဆိုပါကဗဟုသုတနှင့်သတင်းအချက်အလက်နည်းပညာများပိုမိုတိုးတက်လာနိုင်ပါသည်။

၆။ ပညာရေး

(က) ပညာရေးဝန်ဆောင်မှုရရှိနိုင်မှုအခြေအနေ

မိမိတို့ကျေးရွာတွင်အခြေခံပညာမူလတန်းကျောင်းရှိပါသည်။မိမိတို့ကျေးရွာနှင့်ကျေးရွာအနီးရှိအခြားကျေးရွာရှိကလေးများအနေဖြင့်မူလတန်းပညာကိုသွားလာရလွယ်ကူစွာသင်ကြား

နိုင်သော်လည်း အလယ်တန်းနှင့် အထက်တန်းကျောင်းသား/သူများအနေဖြင့် အ.ထ.က (၂၀)သို့ စက်ဘီး၊ဆိုင်ကယ်များဖြင့်သွားရောက်သင်ကြားရပါသည်။ဆရာ၊ဆရာမစုစုပေါင်း (၁၃)ဦး ရှိပါသည်။ ကျောင်းတွင်ပညာသင်ကြားသူစုစုပေါင်း (၃၄၃)ဦးရှိပါသည်။ ကျောင်းကော်မတီက ဦးဆောင်၍ကျောင်းသားစုံညီပွဲတော်၊ပညာရည်မွှန်ဆုပေးပွဲများကျင်းပပေးပါသည်။

စာသင်ကျောင်းဝန်းအတွင်း ကျောင်းဆောင်(၅)ဆောင်နှင့် ဆရာ/ဆရာမနားနေဆောင်(၁)ရှိပြီး ကျောင်းဆောင်(၁)သည် ၂ဖ'x ၂၅'x၁၂'၊ကျောင်းဆောင် (၂)သည် ၁၅၀'x ၃၀'x၁၂'ရှိပြီး ကျောင်းဆောင်(၃)သည်၆၃'x ၁၉'x၁၀' ကျောင်း(၄)သည်၆၀'x ၃၀'x၁၁'ရှိပြီး ဆရာ/ဆရာမနားနေဆောင် ၃၆'x ၁၇'x၉' နှင့် တည်ဆောက်ဆဲကျောင်းဆောင်(၆)သည် ၆၀'x ၃၀'x၁၂' ရှိပါသည်။ စာသင်ကျောင်း ၏စုစုပေါင်းကြမ်းခင်း ဧရိယာမှာ (၁၀၅၅၉)စတုရန်းပေရှိပါသည်။ကျောင်းဝန်းသည်ကျယ်ဝန်းသည့်အတွက်ကလေးငယ်အနေဖြင့် လွတ်လပ်စွာကစားနိုင်ပါသည်။နှစ်စဉ်ကျောင်းသားဦးရေတိုးလာသည့်အတွက်မူလတန်းကျောင်း မှအလယ်တန်းကျောင်းအဆင့်မြှင့်တင်ရန်လိုအပ်လျက်ရှိပါသည်။ကျောင်းအဆင့်မြှင့်တင်မည်ဆို ပါကကျောင်းဆောင်တိုးချဲ့ဆောက်လုပ်ရန်အတွက်မြေနေရာရှိပြီးဖြစ်ပါသည်။စာသင်ကျောင်းလ က်ရှိအခြေအနေသည်ခြံစည်းရိုးများပျက်စီးလျက်ရှိသည့်အတွက်ကျောင်းသား/သူများအတွက်မ လုံခြုံသည့်အပြင်အန္တရာယ်များကြုံတွေ့နိုင်ပါသည်။ကျေးရွာသူ/ သားများအနေဖြင့် စာသင် ကျောင်းခြံစည်းရိုးပြုပြင်လိုစိတ်ရှိသည့်အပြင် လုပ်အားများ ထည့်ဝင်နိုင်သော်လည်းငွေကြေး မလုံလောက်သည့်အခက်အခဲရှိပါသည်။ကျေးရွာအတွင်းရှိမသန်စွမ်းကလေးငယ်များအတွက် ပညာရေးအစီအစဉ်များမရှိပါ။

၇။ ကျန်းမာရေး

(က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှုရရှိမှုအခြေအနေ

အေးမြင့်သာယာကျေးရွာတွင်ကျန်းမားရေးဌာနမှတာဝန်ကျဆရာ/မများမှကာကွယ်ဆေး ထိုးနှံပေးမှုများရှိသော်လည်းကျန်းမာရေးအတွက်ကုသရန်ကျေးလက်ဆေးပေးခန်းရှိပါသည်။ ကျေးရွာတွင်သွေးတိုး၊ဆီးချို၊ရောဂါဖြစ်ပွားသူတစ်နှစ်ထက်တစ်နှစ်များပြားလာပါသည်။ရာသီလို က်ဖြစ်ပွားတတ်သောဝမ်းပျက်ဝမ်းလျော၊သွေးလွန်တုပ်ကွေးဖြစ်ပွားမှုသည်အနည်းငယ်သာရှိပါ သည်။ဆေးဆိုင်များသည်ကျေးရွာအတွင်းမရှိပါ။ဆေးလိုအပ်ပါကပျဉ်မနား၊ကျည်တောင်ကန် ကျေးရွာများသို့သွားရောက်ဝယ်ယူရခြင်းဖြစ်ပါသည်။ကိုယ်ဝန်ဆောင်မိခင်များနှင့်သက်ကြီးရွယ် အိုများ၊အရေးပေါ်ဆေးကုသရန်လိုအပ်သူများအနေဖြင့်ကျန်းမာရေးနှင့်ပတ်သတ်၍ပုဗ္ဗသီရိ၊ပျဉ်း မနားဆေးရုံများသို့သွားရောက်ပြသရသည့်အတွက်သွားလာရာတွင်ရွာတွင်းလမ်းများမကောင်းခြ င်း၊သွားလာရဝေးခြင်း၊အလွယ်တကူကားငှား၍မရခြင်းစသည့်အခက်အခဲများရှိပါသည်။ ထို့ကြောင့်ကျန်းမာရေးအတွက်ကျန်းမာရေးအသိပညာပေးဟောပြောပွဲများကျင်းပပေးခြင်းဖြင့်

ကျေးရွာသူကျေးရွာသားများအတွက်ကျန်းမာရေးအသိပညာများတိုးပွားလာပြီးကျန်းမာရေးအတွက်ပိုမိုစိတ်ချရသည့်အခြေအနေများရရှိနိုင်ပါသည်။

(ခ) သောက်သုံးရေရရှိမှုနှင့်သန့်ရှင်းရေး

ကျေးရွာတွင် အဝီစိတွင်း/တုံကင် (၁၂)တွင်း၊ အဝီစိတွင်း/စက်တပ်(၂၃၈)ရှိပြီး ကျေးရွာသူ/သားများ အနေဖြင့်နွေ၊မိုး၊ဆောင်းသုံးရာသီလုံးလုံလောက်မှုရှိပါသည်။ ကိုယ်ပိုင်ရေတွင်းမရှိသူကျေးရွာသူ/သားများအနေဖြင့်လည်းနီးစပ်ရာအိမ်ထောင်စုများနှင့်တွဲဖက်အသုံးပြုခြင်းဖြစ်ပါသည်။ကျေးရွာရှိအိမ်ထောင်စုအားလုံးသည်ယင်လုံအိမ်သာများကိုသာအသုံးပြုကြပါသည်။ကျေးရွာရှိအိမ်ထောင်စု (၂၅၅)ဦးသည်ကိုယ်ပိုင်ယင်လုံအိမ်သာများရှိပြီး ကျန်အိမ်ထောင်စုများမှာမိဘများနှင့်တွဲဖက်နေထိုင်အသုံးပြုကြခြင်းဖြစ်ပါသည်။

၈။ သဘာဝဘေးအန္တရာယ်ထိခိုက်မှုအခြေအနေ

အေးမြင့်သာယာကျေးရွာတွင်သဘာဝဘေးအန္တရာယ်အနေဖြင့်ဆိုးဆိုးဝါးဝါးအခြေအနေများကြုံတွေ့ရခြင်းမရှိသေးပါ။

၉။ ကျား၊မရေးရာ

လူဦးရေဆိုင်ရာအချက်အလက်အရအမျိုးသမီးဦးရေသည်အမျိုးသားဦးရေထက်ပိုမိုများပြားသည်ကိုတွေ့ရပါသည်။ပညာရေးဆိုင်ရာကဏ္ဍများတွင်လည်းအမျိုးသမီးများသည်အမျိုးသားများထက်ပညာလေ့လာသင်ယူရာတွင်ပိုမိုများပြားပါသည်။ထို့ကြောင့်ပညာရေးကဏ္ဍအနေဖြင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိပါသည်။အုပ်ချုပ်ရေးပိုင်းတွင်အမျိုးသမီးများပါဝင်ဆောင်ရွက်ရန်ခွင့်ပြုထားသော်လည်းအမျိုးသမီးများအနေဖြင့်အိမ်မှုကိစ္စများကိုသာဦးစားပေးဆောင်ရွက်နေရသည့်အတွက်ပါဝင်မှုမရှိပါ။သို့သော်လည်းလူမှုရေးကိစ္စများ၊ကျေးရွာသာရေး၊နာရေးကိစ္စများတွင်အမျိုးသမီးများတက်တက်ကြွကြွပါဝင်လုပ်ဆောင်ကြပါသည်။မိမိတို့ကျေးရွာတွင်အမျိုးသမီးများ၌သံသယဖြစ်ဖွယ်အကြမ်းဖက်မှုများ (သို့မဟုတ်) တိုင်ကြားမှုများမရှိခဲ့ပါ။ အကြမ်းဖက်မှုဆိုင်ရာဥပဒေနှင့်ပတ်သတ်၍ကျေးရွာလူထု၌အသိပညာရှိကြပါသည်။

၁၀။ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် - အေးမြင့်သာယာ			ကျေးရွာအမည် - အေးမြင့်သာယာ	ဦးစားပေးအဆင့်	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ		
၁	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး	-		
၂	စိုက်ပျိုးရေး	နည်းပညာ			
၃	မွေးမြူရေးနှင့်ငါးလုပ်ငန်း - မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	-		
၄	ထုတ်ကုန်လုပ်ငန်းနှင့်အသေး စား-အလတ်စား စီးပွားရေး လုပ်ငန်းများ ဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသက်မွေးတမ်းကျောင်းသင်တန်းများ	၅	
၅	ငွေကြေး	အသေးစား			
၆	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ			
၇	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ			

ကျေးရွာအုပ်စုအမည် - အေးမြင့်သာယာ			ကျေးရွာအမည် - အေးမြင့်သာယာ	ဦးစားပေးအဆင့်	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ		
၈	ကျန်းမာရေး	ကျေးလက်ကျန်းမာရေး၊			
၉	Transformerတပ်ဆင်ခြင်း	စိုက်ပျိုးရေးရှိရေး	11/0.4KVA,50KVA Transformerတပ်ဆင်ခြင်း	၁	
၁၀	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း	၂	
၁၁	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ရွာတွင်းအုတ်စီရေမြောင်းတည်ဆောက်ခြင်း	၃	
၁၂	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ရွာတွင်း မြေထိန်းနံရံတည်ဆောက်ခြင်းခြင်း	၄	
၁၃	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား			
၁၄	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား			
၁၅	က	မဟာဓာတ်အားလိုင်း	-		
၁၃	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း			
၁၄	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း			
၁၅	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း			

ကျေးရွာအုပ်စုအမည် - အေးမြင့်သာယာ			ကျေးရွာအမည် - အေးမြင့်သာယာ	ဦးစားပေးအဆင့်	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ		
		နှင့် အမျိုးသမီး			
၁၆	သယံဇာတနှင့် သဘာဝဝန်းကျင်	မီးဘေးလုံခြုံရေး			

နောက်ဆက်တွဲ (၁)

အေးမြင့်သာယာကျေးရွာအုပ်စု၊ အေးမြင့်သာယာကျေးရွာကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးမြင့်ကြိုင်	ဦးစံညွှန့်	၉/ပမန(နိုင်)၁၇၃၃၃	၅၅	ဥက္ကဋ္ဌ	၀၉-၉၈၇၄၆၅၉၂
၂	ဦးလှကို	ဦးပေါ	၉/ပမန(နိုင်)၁၀၃၅၉၄	၅၉	အတွင်းရေးမှူး	၀၉-၈၈၃၈၆၃၈၆၇
၃	ဦးထင်ကျော်	ဦးထွန်းမြတ်	၉/ပမန(နိုင်)၁၃၀၅၉၄	၆၇	အဖွဲ့ဝင်	၀၉-၇၉၇၇၂၀၄၅၅
၄	ဦးဝင်းလိုင်	ဦးညို	၉/ပမန(နိုင်)၁၀၃၈၀၂	၅၂	အဖွဲ့ဝင်	၀၉-၆၉၅၂၈၅၀၆၅
၅	ဦးကျော်ထွန်းအောင်	ဦးမြသိန်း	၉/ပမန(နိုင်)၁၇၃၂၅၉	၄၃	အဖွဲ့ဝင်	၀၉-၄၄၁၁၉၄၀၂၀
၆	ဒေါ်နှင်းကြည်	ဦးချို	၉/ပမန(နိုင်)၁၀၃၆၃၄	၅၃	အဖွဲ့ဝင်	၀၉-၂၅၄၂၂၄၅၆၇

၇	ဒေါ်ဘိုမ	ဦးမောင်ပုကြိုး	၉/ပမန(နိုင်)၁၀၃၆၉၄	၄၅	အဖွဲ့ဝင်	၀၉-၉၇၂၉၇၉၂၇၉
၈	ဒေါ်နှင်းရီ	ဦးချို	၉/ပမန(နိုင်)၁၀၃၆၆၈	၅၇	အဖွဲ့ဝင်	၀၉-၂၅၄၂၂၄၅၆၇

အေးမြင့်သာယာကျေးရွာအုပ်စု၊ အေးမြင့်သာယာကျေးရွာကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း(ဝယ်ယူရေး)

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးလှကို	ဦးပေါ	၉/ပမန(နိုင်)၁၀၃၅၉၄	၅၅	ဥက္ကဋ္ဌ(ဝယ်ယူရေး)	၀၉-၉၈၇၄၆၅၉၃၃
၂	ဦးဝင်းလှိုင်	ဦးညို	၉/ပမန(နိုင်)၁၀၃၈၀၂	၅၉	ဘဏ္ဍာရေးမှူး	၀၉-၈၈၃၈၆၃၈၆၇
၃	ဦးကျော်ထွန်းအောင်	ဦးမြသိန်း	၉/ပမန(နိုင်)၁၇၃၂၅၉	၅၉	စာရင်းကိုင်	၀၉-၄၄၁၁၉၄၀၂၀

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၃	၁၂	၂၅
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၄၅	၄၀	၈၅
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၆၇	၆၆	၁၃၃
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၅၈	၈၆	၁၄၄
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၄၆၁	၅၃၄	၉၉၅
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၂၉	၃၇	၆၆
စုစုပေါင်း		**၆၇၃**	**၇၇၅**	**၁၄၄၈**
စုစုပေါင်း အိမ်ထောင်စု		**၃၆၀**		

ရင်းမြစ်...(၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊** (၃) **ဆယ်အိမ်စုဆွေးနွေးပွဲ။**

လေ့လာတွေ့ရှိချက်။ ။အေးမြင့်သာယာကျေးရွာတွင်အိမ်ထောင်စု **(၃၆၀)**စု၊ လူဦးရေ **(၁၄၄၈)**ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ် **(၂၅)**၊ **ဦးသာတွေ့ရှိသည့်အတွက် ကလေးမွေးဖွားနှုန်း(၁.၇၃%)**ရှိပြီး ကလေးမွေးဖွဦးနှုန်းနည်းသည်ကိ**တွေ့**ရပါသည်။ **(၆၈.၇၂%)**၊ **၁၅နှစ်မှ၆၄နှစ်အကြား** အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်၍ လုပ်သားအင်အား ပေါများပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သောလူဦးရေ များပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် ထောက်ပံ့မှု ပေးနိုင်ပါသည်။မသန်စွမ်းဖဦးခန့်တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) **လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၁၆	၃၅၆	၁၄၂	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂၅	၆၃	၃၈	မြင့် ☐ လတ်☐ နိမ့် ✓
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၄	၇၉	၂၂	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၈	၄၂	၂၈	မြင့် ☐ လတ်☐ နိမ့်✓
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-		မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁၂	၂၂		မြင့် ☐ လတ်✓ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၂၀	၄၉		မြင့် ☐ လတ်☐ နိမ့် ✓
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း			-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			-	မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၆	၃	-	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၁	၇	-	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့်☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း			-	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-		မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့်☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၇	-	-	မြင့် ☐ လတ် ✓ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၆			မြင့် ☐ လတ်✓ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-		မြင့် ☐ လတ်✓ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁၁			
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း		-	-	မြင့် ☐ လတ်✓ နိမ့် ☐
	စုစုပေါင်း	၂၈၆	၆၂၁	၂၃၀	☒

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်းမပြုရပါ။"**ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ(သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ဥပမာ -"**စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။အေးမြင့်သာယာ**ကျေးရွာသည် စိုက်ပျိုးရေးမွေးမြူရေးကို အဓိကထားလုပ်ကိုင် သူဦးရေများပြားပြီး တစ်ပိုင်တစ်နိုင်လုပ်ကိုင်သည့် အိမ်ထောင်စုများလည်းရှိပါသည်။ ဆိုင်ကယ် ဖြင့်ခရီးသည်များပို့ဆောင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင်စျေးဆိုင်များ၊ မွေးမြူရေး လုပ်ငန်းများလုပ်ကိုင်ကြ**ပြီး ပြည်ပသွားရောက်အလုပ်လုပ်ကိုင်မှုများကြောင့် အလယ်အလတ် ရပ်တည်နိုင်ပါသည်။ယခုအချိန်တွင် ပြည်ပသွားရောက် အလုပ်လုပ်သူများနှင့် ဝန်ထမ်းများ၏ ဝင်ငွေများကြောင့် အလယ်အလတ်အထက်သို့ ရောက်ရှိလာသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) **လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၆၀၀၀	၆၀၀၀	၆၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၄၀၀၀	၃၀၀၀	၃၅၀၀	၃၀၀၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	-	-	-	-

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား		-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၄၀၀၀	၆၀၀၀	၃၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (**လစာ÷၂၂.၇၅**)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ × ၈**)

လေ့လာတွေ့ရှိချက်။ ။ ကျား/မဝင်ငွေများသည် ကွာခြားမှုရှိသည်။နေ့စားများ၏ တစ်ရက်ဝင်ငွေမှာ လောက်ငှသည်ထင်ရသော်လည်း နေ့စဉ်ဝင်ငွေရရှိမှသာ အဆင်ပြေနိုင်မည် ဖြစ်သဖြင့် နေ့စဉ်အလုပ်ရရှိရန် လိုအပ်သည်ဟု လေ့လာတွေ့ရှိရသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) **ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၂၄၅.၉၉	ကောင်း✓	သင့်☐	ညံ့ ☐
ယာမြေ/ တောင်ယာမြေ	၃၆.၇၂	ကောင်း ✓	သင့် ☐	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့် ✓	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်	ညံ့ ☐
ခနိတောမြေ	-	ကောင်း☐	သင့်	ညံ့ ☐
စားကျက်မြေ	-	ကောင်း☐	သင့် ✓	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း☐	သင့်	ညံ့ ☐
စုစုပေါင်း	၂၈၂.၇၁	☒		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။အေးမြင့်သာယာကျေးရွာတွင် လယ်မြေ(၂၄၅.၉၉) ဧကနှင့် ယာမြေ(၃၆.၇၂) ဧကရှိ ပါသည်။ မြေဆီလွှာမှာအသင့်အတင့်ကောင်းမွန်ပြီး သီးနှံစိုက်ပျိုးရာတွင် မိုးရေကိုသာ အဓိကထား စိုက်ပျိုးရသည့်အတွက် အခက်အခဲအနည်းငယ် ရှိပြီး ရွာအနီးရှိ ဆင်သေချောင်းအား ချောင်းရေတင်စီမံကိန်း ဆောင်ရွက်ပါကသီးနှံအထွက်တိုးပြီး တောင်သူများဝင်ငွေကောင်းလာမည်ဖြစ်ပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့် နည်း ☐မရှိ ☐	လွယ် ☐ ခက် အသုံးမပြုနိုင်ပါ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်✓ နည်း☐ မရှိ ☐	လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း မရှိ	☒

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ အေးမြင့်သာယာကျေးရွာတွင်ဓာတ်သတ္ထုနှင့်အခြား သဘာဝအရင်းအမြစ်များမရှိပါ။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၅ကေအထက်	၅ကေအောက်	၅ကေအောက်	မရှိ
အိမ်အခြေအနေ	တိုက်အိမ်	သွပ်မိုး၊ပျဉ်ထောင်၊ပျဉ်ခင်း၊ပျဉ်ကာ	သွပ်မိုး၊ပျဉ်ထောင်၊ပျဉ်ခင်း၊ပျဉ်ကာ၊ဝါးအိမ်	ဖက်မိုး၊ဖက်ကာ၊ဝါးခင်း၊ဝါးအိမ်တိုင်
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	ကရိန်း၊ကား၊ဆိုင်ကယ်၊ထော်လာကျီ၊	ကား၊ဆိုင်ကယ်၊ထော်လာကျီ၊လက်တွန်းထွန်	လက်တွန်းထွန်စက်၊ဆိုင်ကယ်	မရှိ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
	လက်တွန်းထွန်စက်	စက်		
အဓိကစီးပွားရေးလုပ်ငန်း	ရေခဲစက်၊အဆောင်၊စပါး၊ရော်ဘာခြံ၊ဈေးဆိုင်၊စားသောက်ဆိုင်	စပါး၊ရော်ဘာခြံ၊ဈေးဆိုင်	စပါး၊ဆိုင်ကယ်ကယ်ရီ၊ဘေးတွဲ၊ကုန်စုံဆိုင်	ကြုံရာကျပန်း
အိမ်ထောင်စု	၇	၉၉	၁၈၄	၇၀

ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။အေးမြင့်သာယာကျေးရွာ၏ဥစ္စာဓန အဆင့်အတန်းမှာ အလယ်အလတ်တွင် တည်ရှိနေကြောင်း လေ့လာတွေ့ရှိရပါသည်။ရေမြေသဘာဝများမှာ ဥစ္စာဓနအဆင့် အမြင့်ဆုံးတွင် ရှိစေနိုင်သော်လည်း နည်းပညာအားနည်းလျှ၍ အလယ်အလတ် အဆင့်တွင်သာ တည်ရှိနေကြောင်းလေ့လာတွေ့ရှိရပါသည်။ စိုက်ပျိုးရေးနည်းပညာများ အမှန်တကယ်လိုအပ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နှေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၂၃၄	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၃၁

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
		လုပ်အားခကြိုယူ = ၇
၃လနှင့်ဖြေကြားဝမ်းစာဖူလုံမှု	၁၆၀	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၈၃ လုပ်အားခကြိုယူ = ၁၄
ဖြေမှ၁၂လအထိဝမ်းစာဖူလုံမှု	၁၀၀	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၁၂ လုပ်အားခကြိုယူ = ၁၉

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဥစ္စာဓနအဆင့် "၃" နှင့် "၄" ရှိသောမိသားစုများသည် ချေးယူသုံးစွဲသူများဟုဆိုနိုင်သည်။ အထောက်အပံ့နှင့်အလုပ်အကိုင်များလိုအပ်နေပါသည်။ အထူးသဖြင့် ပြည်ပနိုင်ငံများသို့ အစိုးရအထောက်အပံ့များနှင့် သွား၍လုပ်ကိုင်မှသာ ဥစ္စာဓနအဆင့်အတန်း ပိုမိုမြင့်မားလာနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၆၄နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၁၂		

အကြောင်းအရာ	ကျား	မ	ပေါင်း
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၇		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေ သည့်ဆင်းရဲသည့်အိမ်ထောင်စု	၅		

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။အေးမြင့်သာယာကျေးရွာတွင် မိသားစု/ရပ်ရွာ၏ **စောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အိုများရှိပါသည်။ထိုမိသားစုများကို ကူညီ စောင့်ရှောက်ရန် အလုပ် အကိုင်နှင့် အခွင့်အလမ်းများ ရှာဖွေပေးရန်လိုအပ်နေသည်ဟု လေ့လာတွေ့ ရှိရပါသည်။**

(ဇ-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့် □ လတ် □✓ နိမ့် □ မရှိ
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ)	မြင့် □ လတ် □✓ နိမ့်□ မရှိ
၃	ရေကြီးခြင်း	မြင့် □ လတ် □ နိမ့်□ မရှိ ✓
၄	မိုးခေါင်ခြင်း	မြင့် □ လတ် □ နိမ့်□ ✓ မရှိ
၅	အအေးလွန်ကဲခြင်း	မြင့် □ လတ် □ နိမ့်□ မရှိ ✓
၆	မုန်တိုင်း	မြင့် □ လတ် □ နိမ့်□ မရှိ ✓
၇	ငလျင်	မြင့် □ လတ် □ နိမ့် မရှိ □✓
၈	မီးဘေး	မြင့် □ လတ် □ နိမ့်✓ မရှိ □
၉	ဆားငန်ရေဝင်မြေ	မြင့် □ လတ် □ နိမ့်□ မရှိ ✓
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့် □ လတ် □✓ နိမ့်

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		မရှိ □
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် □ လတ် □ နိမ့်□ မရှိ ✓
၁၂	ငှက်ဖျားရောဂါ	မြင့် □ လတ် □ နိမ့် မရှိ □
၁၃	တီဘီရောဂါ	မြင့် □လတ် □နိမ့်✓မရှိ □
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် □လတ် □ နိမ့်□ မရှိ ✓
၁၅	ပြည်တွင်းပဋိပက္ခ	မြင့် □လတ် □ နိမ့်□ မရှိ ✓
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့် □ လတ် □ ✓ နိမ့် မရှိ □
၁၇	လူကုန်ကူးခြင်း	မြင့် □ လတ် □ နိမ့်□ မရှိ ✓
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့် □ လတ် □✓ နိမ့်□ မရှိ

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အေးမြင့်သာယာကျေးရွာသည် စာနပ်ရိက္ခာဖူလုံပြီး သဘာဝဘေး အန္တရာယ်ဖြစ်သော ရေကြီးခြင်း၊ မိုးခေါင်းခြင်း၊ အအေးလွန်ကဲခြင်း၊မုန်တိုင်း၊ငလျင်နှင့် မီးဘေးတို့မှာ ဖြစ်ပွာမှုအလွန်နည်းပါးပြီး ထိခိုက်မှုလဲနည်းပါးပါသည်။ ထို့အပြင် ဆာငန်ရေ၊ မြေဆီလွှာပြုခြင်း၊ သစ်တောပြုန်တီးခြင်းလည်းမရှိပါ။ ကိုယ်ခံအားကျဆင်းသည့် ရောဂါဖြစ်ပွားမှုမရှိ၊ ရာသီတွင်ငှက်ဖျားရောဂါဖြစ်ပွားမှု အနည်းငယ် ရှိပြီး တီဘီရောဂါဖြစ်ပွားမှု အလွန်နည်းပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများသည် စည်းစည်း လုံးလုံးနှင့်အတူတကွ နေထိုင်ကြသဖြင့် ပြည်တွင်းပဋိပက္ခများမရှိပါ။ ရာသီကူးပြောင်းမှုများ တွင် ခွာနာ၊လျှာနာရောဂါစသည့် တိရိစ္ဆာန်ရောဂါများ ဖြစ်ပွားလေ့ရှိပြီး၊ ကြက်၊ ဝက်တုပ်ကွေး ရောဂါများဖြစ်ပွားမှု အနည်းငယ်တွေ့ရပါသည်။ ကျေးရွာတွင်လူကုန်ကူးမှု မရှိပါ။

(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့် □လတ် □✓ နိမ့် မရှိ
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်	မြင့် □✓ လတ် □ နိမ့် မရှိ □

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
	ထောင်စု	
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့် □လတ် □✓ နိမ့်□မရှိ □
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့် □လတ် □ နိမ့်□မရှိ ✓
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့် □ လတ် □ နိမ့်□မရှိ ✓
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင်နေထိုင်သူများ	မြင့် □ လတ် □ နိမ့်□✓မရှိ
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် □ လတ် □ နိမ့်□ မရှိ ✓
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့် □ လတ် □ နိမ့်□ မရှိ ✓
၉	ငါးကန်ပိုင်ရှင်များ	မြင့် □ လတ် □ နိမ့်□မရှိ ✓
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့် □ လတ် □ နိမ့်□✓မရှိ
၁၁	လူနည်းစုလူမျိုးများ	မြင့် □ လတ် □ နိမ့်□ မရှိ ✓
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့် □ လတ် □ နိမ့်□ မရှိ ✓
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့် □ လတ် □ နိမ့်□ မရှိ ✓
၁၄	ရွှေတွင်းလုပ်သားများ	မြင့် □ လတ် □ နိမ့်□ မရှိ ✓
၁၅	ဆေးစွဲသူများ	မြင့် □ လတ် □ နိမ့်□ မရှိ ✓
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် □ လတ် □ နိမ့်□ မရှိ ✓
၁၇	လှည့်လည်သွားလာ၍စျေးရောင်းသူများ	မြင့် □ လတ် □ နိမ့်□ မရှိ
၁၈	နေရပ်ပြန်အခြေချသူများ	မြင့် □ လတ် □ နိမ့် □ မရှိ
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် □ လတ် □ နိမ့်□ မရှိ ✓
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့် □ လတ် □ နိမ့်□ မရှိ ✓

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အေးမြင့်သာယာကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စားကျပန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများအနည်းငယ်ရှိသဖြင့်၄င်း အိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေ

အနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ်နိုင်ပါသဖြင့် ထိုသူများကိုပိုင်းဝန်းကူညီပေးရန်လိုအပ်ကြောင်းလေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင်ရွေ့ပြောင်းလုပ်သားအနည်းငယ်ရှိပါသည်။ ကားမောင်း၊ဆိုင်ကယ်ကယ်ရီမောင်းပြီး အသက်မွေးသူများအနည်းငယ် ရှိပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	လူမှုရေးအဖွဲ့	၁□၂✓၃□	၁၅	၅	၂၀	ပညာရေးငွေကြေး□ ကျန်းမာရေး□ ဘာသာရေး□✓ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း✓ သင့်□ ညံ့□
၂	ကျောင်းကောမတီ	၁□၂✓၃□	၂		၂	ပညာရေး✓ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်✓ ညံ့□
၃	အေးမြမေ	၁□၂✓၃□	၄	၃	၇	ပညာရေး✓□ငွေကြေး□✓	ကောင်း

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
	တွာပရဟိတအဖွဲ့					ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□✓ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး□	□ သင့်✓ သည့်□
၄	အမျိုးသမီးရေးရာ	၁□၂✓□၃	၉	-	၉	ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□✓ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□✓ သင့်□ သည့်□
၅	မီးလင်းရေးကော်မတီ	၁□၂✓□၃				ပညာရေး□ ငွေကြေး□ ကျန်းမာရေး□✓ ဘာသာရေး စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်✓ သည့်□

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ အေးမြင့်သာယာကျေးရွာသည် ဗုဒ္ဓဘာသာ ကိုးကွယ်မှု အများဆုံးဖြစ်သောကြောင့် ဘုရား၊ကျောင်းကန်၊ ရဟန်းသံဃာတို့၏ ဝေယျာဝစ္စများကို ကျေးရွာ၏ ဘာသာရေးအဖွဲ့များမှ စွမ်းဆောင်ရည်အသင့်အတင့်ရှိကြောင်းတွေ့ရပြီး၊ အေးမြမေတ္တာပရဟိတအဖွဲ့မှာ **စွမ်းဆောင်ရည်အကောင်းဆုံးဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးရေး အတွက် အားလုံးစုပေါင်း၍ စည်းလုံးစွာဖြင့်ဆောင်ရွက်ကြသော်လည်း စီမံခန့်ခွဲမှုတွင် စွမ်းဆောင်ရည် အားနည်းသည်ကိုတွေ့ရှိရပါသည်။**

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (**ဥပမာ–မမွေစကူးလ်ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (**ဥပမာ–** Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ** (**ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ** (**ဥပမာ** GIZ,

UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ(ဥပမာ- သမဝါယမဦးစီးဌာန၏သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကိုဤဗျာဖေးတွင် <u>ထည့်သွင်းဖော်ပြခြင်းမပြုပါရန်</u>။

လေ့လာတွေ့ရှိချက်။ ။ အေးမြင့်သာယာကျေးရွာတွင်ဖွံ့ဖြိုးရေးဆောင်ရွက်နေသည့် ပြင်ပအဖွဲ့အစည်းမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ ဘဏ်များမှချိုသာသော အတိုးနှုန်းများနှင့် ငွေချေးပေးကြောင်းလေ့လာတွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၂၆၈	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၄၅	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၂၀	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၂၀	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၇	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၃၆၀	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ အေးမြင့်သာယာကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများနှင့် ဆင်းရဲသားတောင်သူများနှင့် တောင်သူငယ်များ အများစု ရှိပါသည်။ အများစုသည် နေ့စားကျပန်းနှင့်ပြည်ပတွင် သွားရောက် လုပ်ကိုင် နေရသဖြင့် အလုပ်အကိုင်အခွင့်

အလမ်းများ ဖန်တီးပေးရန် လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်**ရေသွင်းဧရိယာ**

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ မဖြေဆိုပါ□
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး✓ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ✓မရှိ□မဖြေဆိုပါ□
၆	လက်ငင်းရေတွင်း	-	တစ်နှစ်ပတ်လုံး✓ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□✓မရှိမဖြေဆိုပါ□
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး✓	ရှိ□မရှိ□မဖြေဆိုပါ□

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
			ရာသီအလိုက်□ဖြေဆိုပါ	

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ချောင်းရေရှိသော်လည်း စိုက်ပျိုးရေအတွက်အသုံးမကြုံနိုင်ပါ။ထို ကြောင့်မြစ်ရေတင်စီမံကိန်းဆောင်ရွက်နိုင်လျှင် နွေ၊မိုး၊ဆောင်း သုံးရာသီလုံး စိုက်ပျိုးရေ ရရှိပြီး တောင်သူများ ဝင်ငွေတိုးတက်ကြီးပွားနိုင်မည်ဟု လေ့လာတွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျှမ်းမျှ	မှ	ထိ		
စပါး	၂၄၅	တင်း	၆၀	၁၀၀	၈၀	ဇွန်	နိုဝင်ဘာ	မြင့်□လတ်✓နိမ့်□	မြင့်□ လတ်✓ နိမ့်□
နှမ်း	၆၃	တင်း	၇	၁၃	၁၀	ဇူလိုင်လ	ဒီဇင်ဘာ	မြင့်□ လတ်✓ နိမ့်□	မြင့်□ လတ်□ နိမ့်✓
မတ်မဲ	၁၀	တင်း	၅	၁၅	၁၀	နိုင်ဝင်ဘာလ	ဖေဖြေလ	မြင့်□ လတ်✓ နိမ့်□	မြင့်□ လတ်□ နိမ့်✓
ကြံ		တန်				ဒီဇင်ဘာ	ဒီဇင်ဘာ	မြင့်□ လတ် နိမ့်□	မြင့်□ လတ်□ နိမ့်✓
ပဲတီ	၁၀	တင်း	၇	၁၃	၁၀	မေ	ဩဂုတ်	မြင့်□ လတ်□	မြင့်□ လတ်□

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စိမ်း							တ်	နှိမ့်✓	နှိမ့်✓
မြေပဲ	၁၆	တင်း	၃၀	၅၀	၄၀	နိုဝင်ဘာ	ဒီဇင်ဘာ	မြင့်□ လတ်□ နှိမ့်✓	မြင့်□ လတ်□ နှိမ့်✓

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အေးမြင့်သာယာကျေးရွာ၏စပါးစိုက်တောင်သူများသည် ချောင်းရေနှင့်မိုးရေကိုသာ အဓိကထား၍ စိုက်ပျိုးလျှက်ရှိပြီး ပြောင်း၊နှမ်းနှင့် ပဲတို့ကိုလည်း စိုက်ပျိုးကြပြီး စိုက်ပျိုးရေးဖြစ်ထွန်းအောင်မြင်စေရန် ရေလိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၅	–	–	–
လက်တွန်းထွန်စက်	၂	–	–	-
အစေ့ချကိရိယာ	–	–	–	–
ရိတ်သိမ်းခြွေလှေ့စက်	၁	–	–	–
ရိတ်သိမ်းစက်	–	–	–	–
ခြွေလှေ့စက်	၂	–	–	–
ရေစုပ်စက်	၁၆	–	–	–
ခြေနင်းရေတင်စက်	၁၂	–	–	–

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
မြက်ရိတ်စက်		–	––	–

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အေးမြင့်သာယာကျေးရွာမှ ကျေးရွာသူ/သားများသည် စက်မှုလယ်ယာစနစ်၏ အားသာချက်များကိုသဘောပေါက် လာကြသည်။ လယ်ယာမြေများ၊ ရေမြောင်းများ၊ ကုန်ထုတ်လမ်းများ ဖော်ဆောင်ပေးရန် လိုအပ်နေသေးကြောင်း လေ့လာတွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	**အလွန်ကောင်း✓ကောင်း□သင့်တင့်မျှတ□မဖြေဆိုပါ□**
လယ်ယာမြေအသုံးချနိုင်မှု	**အလွန်ကောင်း□ကောင်း□✓သင့်တင့်မျှတမဖြေဆိုပါ□**
စိုက်ပျိုးရေအရင်းအမြစ်	**ပေါများ□✓အသင့်အတင့်ရှိမဖြေဆိုပါ□**
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူရသည်□ရသည်✓မဖြေဆိုပါ□**
သီးနှံမျိုးစေ့ရရှိနိုင်မှု	**မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည် သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်□✓ မဖြေဆိုပါ□**
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ ဝယ်ယူရနိုင်သည်✓မဖြေဆိုပါ□**
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစု	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ ဝယ်ယူရနိုင်သည်✓မဖြေဆိုပါ□**

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
များ	
လုပ်သားရရှိနိုင်မှု	**အလွယ်တကူရနိုင်သည်□ရနိုင်သည်✓မဖြေဆိုပါ□**
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	**အလွယ်တကူရနိုင်သည်□ရနိုင်သည်□မဖြေဆိုပါ✓**
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	**သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်□** **သီးနှံများကိုရောင်းချနိုင်သည်✓မဖြေဆိုပါ□**

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ သီးနှံအထွက်တိုးစေမည့် အရေးကြီးဆုံးအဝိုင်းမှာ နည်းပညာဝိုင်းနှင့်စိုက်ပျိုးရေရှိရန်လိုအပ်လျက်ရှိကြောင်း ထိုနည်းပညာများရရှိပါ အေးမြင့်သာယာကျေးရွာရှိ တောင်သူများ သီးနှံအထွက်တိုးမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	**မြေဆီဩဇာမကောင်း□ ရာသီဥတုမမှန်□** **မဖြေဆိုပါ□✓**
လယ်ယာမြေအသုံးချနိုင်မှု	**လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ□✓** **လယ်ယာမြေဆုံးရှုံးမှုများသည်□**

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဧယား ၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
	လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်□ **ပလပ်မြေများရှိသည်□✓** **ပလပ်မြေအသင့်အတင့်ရှိသည်□မဖြေဆိုပါ□**
စိုက်ပျိုးရေအရင်းအမြစ်	**အလွယ်တကူမရနိုင်□✓လုံးဝမရ□မဖြေဆိုပါ□**
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူမရနိုင်□✓လုံးဝမရ□မဖြေဆိုပါ□**
သီးနှံမျိုးစေ့ရရှိနိုင်မှု	**အလွယ်တကူမရနိုင်□✓လုံးဝမရ□မဖြေဆိုပါ**
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	**အလွယ်တကူမရနိုင်□✓လုံးဝမရ□မဖြေဆိုပါ**
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	**အလွယ်တကူမရနိုင်□✓လုံးဝမရ□မဖြေဆိုပါ**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူမရနိုင်□✓လုံးဝမရ□မဖြေဆိုပါ✓**
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူမရနိုင်□လုံးဝမရ□✓မဖြေဆိုပါ**
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	**သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ** **သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ□မဖြေဆိုပါ□✓**
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	**ဆိုးရွားစွာကျ□အသင့်အတင့်ကျ□✓အနည်းငယ်□မဖြေဆိုပါ□**
ရာသီဥတုဒဏ်ခံနိုင်သည့် သီးနှံများနှင့်ပတ်သက်သော သတင်းအချက်အလက် လက်လှမ်းမီမှု	**အလွယ်တကူမရနိုင်□လုံးဝမရ□✓မဖြေဆိုပါ**
ရာသီအလိုက်ရာသီဥတုခန့်မှန်းချက်များနှင့် သီးနှံစီမံခန့်ခွဲမှုဆိုင်ရာ အကြံဉာဏ်များ လက်လှမ်းမီမှု	**အလွယ်တကူမရနိုင်□လုံးဝမရ□✓မဖြေဆိုပါ**

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

